မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

November 7 , 2023 | Volume 72, Number 5

၇.၁၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၇၃ US$ |
| မြန်မာ့ရွှေဈေး | = ၃၄၇၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၂၉၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၆.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၀.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၈၅.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၉.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၂၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၃၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၉.၅၃၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၀၈၀ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## မဏိပူနယ်ကို ရောင်းချနိုင်ခြင်းမရှိသဖြင့် မျောက်ငိုသီးဈေးကွက်ပျောက်နိုင်




မျောက်ငိုသီးကို အိန္ဒိယနိုင်ငံ မဏိပူပြည်နယ်ဘက်သို့ တင်ပို့ရောင်းချနိုင်ခြင်းမရှိသဖြင့် ယခုနှစ် မျောက်ငိုသီးဈေးကွက်ပျောက်နိုင်ပြီး အဆိုးဆုံးအခြေအနေဖြစ်နေကြောင်း တမူးနယ်စပ်ကုန်သည်များထံမှသိရသည်။

မျောက်ငိုသီးကို မဏိပူပြည်နယ်တွင်နေထိုင်ကြသော ကသည်းလူမျိုးများကသာ အဓိကဝယ်ယူစားသုံးကြခြင်းဖြစ်ရာ လက်ရှိတွင် နယ်စပ်ဂိတ်ပိတ်ထားခြင်းနှင့် မဏိပူပြည်နယ်တွင် လူမျိုးရေးအထိကရုဏ်းဖြစ်စဉ်ကြောင့် ကသည်းလူမျိုးများ မရှိတော့သည့်အတွက် ပြည်တွင်းထွက်မျောက်ငိုသီး ဈေးကွက်ပျောက်ကာဒေသခံများ ဒုက္ခရောက်နိုင်ဟုသိရသည်။

မဏိပူပြည်နယ်(ကသည်းပြည်နယ်ကြီး)တစ်ခုလုံး မျောက်ငိုသီးစားကြတာ၊ အခုကျ ကသည်းတွေက မလာဘူး၊ အရင်က နယ်စပ်ထိအောင် လာဝယ်ကြတယ်၊ ချင်းတွေကလည်း ကသည်းပြည်နယ်ထဲအထိပို့တယ်၊ ခုတော့ ကသည်းတွေကလည်း လာမှာမဟုတ်ဘူး၊ ချင်းတွေကလည်းသွားရောင်းလို့မရဘူး၊ ဒီတော့ မျောက်ငိုသီးက ဈေးကွက်ရှိမှာမဟုတ်ဘူး၊ မျောက်ငိုသီးစားသုံးတာ ကသည်းပြည်နယ်ကြီး တစ်ခုလုံး သုံးတာကိုး”ဟု တမူးနယ်စပ်ကုန်သည်တစ်ဦးမှ ပြောပြသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်မဖြစ်ပွားမီ ၂၀၂၀ ခုနှစ်အစောပိုင်းက မျောက်ငိုသီး အတောင့် ၁၀၀ ကိုအိန္ဒိယ ရူပီးငွေ ၈၀၀ မှ ၁၀၀၀ ကြားရရှိခဲ့သော်လည်း ကိုဗစ်ကြောင့် နယ်စပ်ဂိတ်များ ပိတ်လိုက်ပြီးနောက် ဈေးများထိုးကျသွားခဲ့ကာ ယခင်နှစ်က မျောက်ငိုသီးအတောင့် ၁၀၀ ကို ရူပီးငွေ ၃၀၀ အမြင့်ဆုံးအထိသာရရှိခဲ့ကြဟု သိရသည်။

လက်ရှိနှစ် မျောက်ငိုသီးရာသီတွင်မူ အဆိုးဆုံးအခြေအနေသို့ရောက်ရှိကာ ဈေးကွက်ပင်ပျောက်မည့် အနေအထားဖြစ်နေသည်။ "၂၀၂၀ ရှေ့ပိုင်းလောက်တုန်းကတော့ ဝမ်းဂိတ်တို့တူးဂိတ်တို့၊ နန့်ဖာလုံဈေးတို့ဖွင့်တော့ မြန်မာတွေကဈေးကွက်တင်ရောင်းတယ်၊ ကသည်းတွေက တမူးထိအောင် လာဝယ်ကြတယ်၊ ၂၀၂၀ ကိုဗစ်ဖြစ်တော့ နယ်စပ်ဂိတ်တွေပိတ်တော့ ကိုယ့်လူတွေက ခိုးရောင်းရတော့သူတို့ဈေးနှိမ်တော့ ဈေးမရဘူး၊ အရင်က အတောင့်၁၀၀ ကို ရူပီးငွေ ၈၀၀ကနေ ၁၀၀၀ရတယ်၊

အခု မနှစ်ကဆို အတောင့် ၁၀၀ ကိုရူပီးငွေ ၂၀၀၊ ၃၀၀လောက်ပဲရှိတယ်၊ ခုနှစ်ကတော့ပိုဆိုးတာပေါ့၊ ဟိုဘက်ကကသည်းကလည်းနယ်စပ်ထိအောင်လာမရတော့ ဈေးကွက်ကပျောက်နိုင်တာပေါ့"ဟု ကလေးဒေသခံ ကိုဇော်မျိုးမှပြောသည်။ မျောက်ငိုသီးသည် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအတွင်းရှိ တမူးမြို့နှင့် ကလေးမြို့တို့မှသာ အဓိက စိုက်ပျိုးထွက်ရှိခြင်းဖြစ်ပြီး ကသည်းလူမျိုးများအပေါ်မူတည်၍ အဓိကရောင်းချရခြင်းဖြစ်သောကြောင့် လက်ရှိကာလသည့် ဈေးကွက်ပင်မရှိဖြစ်နိုင်ဟု ကုန်သည်များကသုံးသပ်ကြခြင်းဖြစ်သည်။

ချင်းပြည်နယ်မှ မျောက်ငိုသီးများသည် ယခုနိုဝင်ဘာလအတွင်း ထွက်ရှိမည်ဖြစ်ပြီး တမူးနှင့်ကလေးမြို့ မျောက်ငိုသီးက ၁၂ လပိုင်းတွင်ထွက်ရှိမည်ဖြစ်ကြောင်းသိရသည်။ မျောက်ငိုသီးကို ပြည်တွင်းစားသုံးမှုအနေဖြင့် အနည်းငယ်သာရှိကြောင်း ပြည်တွင်း၌မျောက်ငိုသီးကို အစေ့ထုတ်ပြီး ဆားရည်စိမ်ရောင်းချတာရှိသလို အသင့်စားပုံစံလည်းရှိကြောင်း၊ အစေ့ချောက်ဟူ၍လည်း ရောင်းချမှုရှိဟုသိရသည်။

**Source: AMIA**

[https://t.me/htwettoe](https://t.me/htwettoe)

## တောင်ငူခရိုင်တွင် မိုးစပါးများ စတင်ရိတ်သိမ်းလျက်ရှိ



ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်တွင် ၂၀၂၃ ခုနှစ်၌ မိုးစပါးစိုက်ဧက ၁၅၀,၈၂၆ ဧကရှိရာ စက်တင်ဘာလ လကုန်ပိုင်းမှစတင်၍ မိုးစပါးများ စတင်ရိတ်သိမ်းလျက်ရှိရာ ၁,၅၄၂ ဧက ကျော် ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် တင်း ၇၀ ခန့်ထွက်ရှိပြီး စပါးဈေးနှုန်းအနေဖြင့် နံ့ကောက် စပါးတင်း ၁၀၀ လျှင် ၁,၅၀၀,၀၀၀ ကျပ်နှင့် ဆင်းသုခ စပါးတင်း ၁၀၀ လျှင် ၁,၅၂၀,၀၀၀ ကျပ်ရှိကြောင်း သိရသည်။

ဖြူးမြို့နယ်မှ ထွက်ရှိသော နံ့ကောက်နှင့်ဆင်းသုခ စပါးများကို အဆင့်မြင့် စပါးကြိတ်ခွဲစက်များဖြင့် ကြိတ်ခွဲ၍ထွက်ရှိလာသောဆန်များကို ဖြူးမြို့နယ်အတွင်းနှင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ရှိ မြို့နယ်အသီးသီးသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ကြိတ်ခွဲရောင်းချလျက်ရှိသော ဆန်ဈေးနှုန်းများမှာ နံ့ကောက်ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ၅၈,၀၀၀ ကျပ်နှင့် ဆင်းသုခဆန် ၂၄ ပါ တစ်အိတ်လျှင် ၆၁,၀၀၀ ကျပ်၊ ဆန်ကွဲ ၂၄ ပြည်ပါ တစ်အိတ်လျှင် ၄၅,၀၀၀ ကျပ်၊ ဖွဲနု ၇၂ ပေါင်ပါ တစ်အိတ်လျှင် ၂၅,၀၀၀ ကျပ်များဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

Source: DOCA(ပဲခူး)

## တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ခန့်သာရှိခဲ့သည့် ကြက်သွန်ဖြူ တစ်ပိဿာလျှင် ကျပ်တစ်သောင်းခွဲကျော်အထိ မြင့်တက်လာ

တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ခန့်သာရှိခဲ့သည့် ကြက်သွန်ဖြူ တစ်ပိဿာလျှင် ကျပ်တစ်သောင်းခွဲကျော်အထိ မြင့်တက်လာကြောင်း ကုန်စိမ်းရောင်းချသူများထံမှ သိရသည်။

ပြီးခဲ့သည့် အောက်တိုဘာလခန့်က တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ခန့်သာရှိခဲ့သည့် ကြက်သွန်ဖြူမှာ နိုဝင်ဘာလမှ စတင်ပြီး ကျပ်တစ်သောင်းခွဲကျော်အထိ မြင့်တက်လာခြင်းဖြစ်သည်။ "ကြက်သွန်ဖြူအမျိုးစု ရှမ်းပြည်ဘက်ကလာတာ။ တရုတ်ဘက်က ကြက်သွန်ဖြူလည်း အဲ့ဒီဘက်ကပဲ ဝင်တာ။ အခုကတိုက်ပွဲဖြစ်နေတော့ လမ်းတွေလည်းပိတ်နေတယ်။ ကုန်ကားတွေကလည်း မဝင်နိုင်တော့ ဈေးတွေတက်ကုန်တာ"ဟု ကုန်စိမ်းရောင်းချသူတစ်ဦးက ပြောကြားသည်။

ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည့် ကြက်သွန်ဖြူမှာ ဗမာကြက်သွန်ဖြူနှင့် အလုံးကြီးသည့်တရုတ်ကြက်သွန်ဖြူဟု နှစ်မျိုးရှိပြီး နှစ်မျိုးစလုံးမှာ ကျပ်တစ်သောင်းခွဲကျော်သို့ ရောက်ရှိလာခြင်းလည်းဖြစ်သည်ဟု ကုန်စိမ်းဈေးကွက်အတွင်းမှ သိရသည်။

လက်ရှိတွင် ကြက်သွန်ဖြူမှာ ဘုရင့်နောင်ပွဲရုံပေါက်ဈေး ၈၀၀၀ ကျပ်မှ ကျပ်တစ်သောင်းအထိရှိကြောင်း သိရသည်။ ကြက်သွန်ဖြူကို နှစ်စဉ် တာချီလိတ်ကုန်သွယ်ရေးစခန်းမှတဆင့် တန်ချိန် ၃၀၀၀၀ ဝန်းကျင် တင်ပို့ရောင်းချမှုများရှိနေပြီး ရန်ကုန်မြို့ ဘုရင့်နောင်ဈေးကွက်အတွင်းသို့ နေ့စဉ်ကြက်သွန်ဖြူ ပိဿာချိန် ၂၀၀၀၀ အဝင်ရှိကြောင်း သိရသည်။

ကြက်သွန်ဖြူကို အောက်တိုဘာနှင့်နိုဝင်ဘာတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလနှင့်မတ်လတို့တွင် ဈေးကွက်အတွင်းသို့ စတင်ဝင်ရောက်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/283618

## နွားထိုးကြီးမြို့နယ်၌ မိုးမြေပဲများ ရိတ်သိမ်းပြီးစီးမှုနှင့်ဈေးနှုန်းအခြေအနေ



မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၌ ၂၀၂၃ ခုနှစ်တွင် မိုးဦး၊ မိုးလယ်မြေပဲ စုစုပေါင်းစိုက်ဧကမှာ (၄၀,၄၆၂) ဧက စိုက်ပျိုးခဲ့ကြောင်း၊ မိုးဦးမြေပဲ စိုက်ပျိုးဧက (၁၉,၃၈၈) ဧက၊ မိုးလယ်မြေပဲ စိုက်ပျိုးဧက (၂၁,၀၇၄) ဧက စိုက်ပျိုးခဲ့ပြီး အောက်တိုဘာလကုန်တွင် မိုးဦးမြေပဲများအားလုံး ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ တစ်ဧကအထွက်နှုန်းအနေဖြင့် (၄၂.၇၅) တင်းနှုန်းဖြင့် တင်းပေါင်း(၈၂၈,၈၃၇)တင်း ထွက်ရှိခဲ့ကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဌာန၏ စာရင်းများအရ သိရသည်။

နွားထိုးကြီးမြို့နယ်၌ မိုးမြေပဲများစတင်ပေါ်ချိန်တွင် ဖြစ်ပေါ်ခဲ့သော မြေပဲဈေးနှုန်းများအနေဖြင့် မြေပဲလုံးဆန် တစ်ပိဿာလျှင် (၇,၀၀၀)ကျပ်၊ မြေပဲဆီဆန်တစ်ပိဿာလျှင် (၆,၅၀၀)ကျပ်၊ မြေပဲတောင့် (အခြောက်) တစ်ပိဿာလျှင် (၃,၆၀၀) ကျပ်၊ မြေပဲဆီ တစ်ပိဿာလျှင် (၁၄,၅၀၀) ကျပ်ခန့်ရှိခဲ့ပြီး လက်ရှိအချိန်တွင်ဖြစ်ပေါ်နေသော ဈေးနှုန်းများမှာ မြေပဲလုံးဆန် တစ်ပိဿာလျှင် (၅,၆၀၀) ကျပ်၊ မြေပဲဆီဆန် တစ်ပိဿာလျှင် (၅,၃၀၀) ကျပ်၊ မြေပဲတောင့် (အခြောက်) တစ်ပိဿာလျှင် (၃,၀၀၀) ကျပ်၊ ပဲဖတ် တစ်ပိဿာလျှင် (၃,၂၀၀) ကျပ်၊ ပဲဆီ တစ်ပိဿာ (၁၃,၀၀၀) ကျပ်ခန့်ရှိကြောင်း နွားထိုးကြီးမြို့ရှိ သီးနှံပွဲရုံပိုင်ရှင် တစ်ဦးထံမှသိရှိရသည်။

**Source: https://www.commerce.gov.mm/my/article**

## ပို့ကုန်အခြေပြု အရန်ဆန်ပေးသွင်းခြင်းအဖြစ် ပြည်ပဆန်တင်ပို့သူများ ဆန်သုံးတန်တင်ပို့လျှင် ဆန်တစ်အိတ် ပေးသွင်းရမည်

ပို့ကုန်အခြေပြု အရန်ဆန်ပေးသွင်းခြင်းအဖြစ် ပြည်ပဆန်တင်ပို့သူများအနေဖြင့် ဆန်သုံးတန်လျှင် ဆန်တစ်အိတ် ပေးသွင်းရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်သည်။



ပို့ကုန်အခြေပြုအရန်ဆန်ပေးသွင်းခြင်းကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစတင်၍ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပို့ကုန်လိုင်စင်လျှောက်ထားသည့် တန်ချိန်အပေါ် အရန်ဆန်အဖြစ် သုံးတန်လျှင် တစ်အိတ်ပေးသွင်းခြင်း ဆောင်ရွက်ရန်၊ ပေးသွင်းရမည့်သုံးတန်တစ်အိတ် အရန်ဆန်များ၏ လေးပုံတစ်ပုံ-၂၅ ရာခိုင်နှုန်းကို Physical အဖြစ် သတ်မှတ်သိုလှောင်ရုံသို့ တစ်ပတ်အတွင်း ပေးသွင်းခြင်းဆောင်ရွက်ရန်၊ သုံးတန်တစ်အိတ် ပေးသွင်းရမည့်အရန်ဆန်များ၏ လေးပုံတစ်ပုံ-၇၅ ရာခိုင်နှုန်းကို Earmark အဖြစ် စာရင်းမှတ်စနစ်ဖြင့်ထားရှိရေးအတွက် သတ်မှတ်ပုံစံများနှင့်အညီ လျှောက်ထားတင်ပြရန်၊ Physical ပေးသွင်းခြင်းအပေါ် သတ်မှတ်အရည်အသွေးစံချိန်စံညွှန်းမီ အရန်ဆန်တစ်အိတ်ဈေးနှုန်းအား (နိုဝင်ဘာလအတွက်) တစ်အိတ်လျှင် ကျပ် ၆၂၀၀၀ သတ်မှတ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ဆန်စပါးအသင်းကထုတ်ပြန်သည်။

ယင်းကြောင့် နိုဝင်ဘာ ၁ ရက်မှစ၍ Pre License Inspection စစ်ဆေးပြီးသည့် ကုမ္ပဏီများအနေဖြင့် ပို့ကုန်လိုင်စင်လျှောက်ထားခြင်းအပေါ် အရန်ဆန်ပေးသွင်းခြင်းကို သတ်မှတ်ပုံစံဖြင့် တင်ပြလျှောက်ထားရန်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

လက်ရှိဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ မြန်မာ့ဆန်တင်ပို့မှုမှာ ယခင်နှစ်ထက် လျော့ကျနေသော်လည်း လက်ရှိအချိန်တွင်G to G အစီအစဉ်များအပြင် တရုတ်၊ အီးယူဈေးကွက်နှင့် အာဆီယံနိုင်ငံများကပါ မြန်မာ့ဆန်ဝယ်ယူမှု တိုးမြင့်လာကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။ "ဆန်ပြည်ပတင်ပို့မှုနဲ့ပတ်သက်လို့ဆိုရင် ကျွန်တော်တို့ တတ်နိုင်သမျှ G to G အစီအစဉ်တွေရှိတယ်။ အခုဆိုရင် အများဆုံးဝယ်နေတာက တရုတ်နိုင်ငံနဲ့ဥရောပဈေးကွက်ပေါ့နော်။ အခုဆို အိမ်နီးချင်းအာဆီယံနိုင်ငံတွေဖြစ်တဲ့ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်စတဲ့ နိုင်ငံတွေကလည်း တိုးမြင့်ပြီးဝယ်လာတာတွေ့ရပါတယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ပြည်ပသို့ ဆန်တန်ချိန် ၄၉၂၆၀ ကျော်တင်ပို့ခဲ့ပြီး အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၁၀၁၉၀ ကျော်ဖြင့် အများဆုံးတင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ကာလအတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ ဒေါ်လာ ၂၇ ဒသမ ၀၅၂ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၄၉၂၆၀ ကျော် တင်ပို့ကြောင်း သိရသည်။ ဆန်တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၃၃၄၉၀ ကျော်၊ အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၁၀၁၉၀ ကျော်နှင့် အာဖရိကနိုင်ငံများသို့ ဆန်တန်ချိန် ၅၅၇၀ ကျော် တင်ပို့ခဲ့သည်။

အာရှနိုင်ငံများတွင် ဆန်တင်ပို့သောနိုင်ငံများမှာ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တန်ချိန် ၁၁၇၇၀ ကျော်၊ မလေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၁၁၃၉၀ ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၉၅၆၀ ကျော်၊ စင်ကာပူနိုင်ငံသို့ ဆန်၄၀၆ တန်ကျော်၊ ဟောင်ကောင်သို့ ဆန် ၂၃၀ ကျော်နှင့် ထိုင်ဝမ်သို့ တန် ၁၀၀ကျော် တင်ပို့ခဲ့သည်။

**Source:** https://news-eleven.com/article/283609

## အိန္ဒိယနိုင်ငံ၌ ကြက်သွန်နီ အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း ၁ တန်လျှင် ဒေါ်လာ ၈၀၀ သတ်မှတ်

အိန္ဒိယပြည်တွင်းဈေးကွက်၌ ကြက်သွန်နီဈေးနှုန်းများမှာ တစ်ဟုန်ထိုးမြင့်တက်လာခဲ့ရာ ဈေးကွက်ဈေးနှုန်းများကို ထိန်းညှိနိုင်ရန်အတွက် အစိုးရသည် ပြည်ပသို့ ကြက်သွန်နီတင်ပို့မှု အပေါ် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း ၁ တန်လျှင် ဒေါ်လာ ၈၀၀ သတ်မှတ်လိုက်ကြောင်း သိရှိရသည်။ အိန္ဒိယပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ၂၈-၁၀-၂၀၂၃ နေ့တွင် အမိန့်ကြော်ငြာစာထုတ်ပြန်ရာ၌ ဘန်ဂလောနှင်းဆီနှင့်ခရစ်ရှနာပူရမ် ကြက်သွန်နီအမျိုးအစားများမှအပ ပြုပြင် ထုတ်လုပ်ထားခြင်းမရှိသော HS Code 07031010 နှင့် HS Code 07122000 ခေါင်းစဉ်များအောက်ရှိ ကြက်သွန်နီအားလုံးအတွက် အနိမ့်ဆုံးပို့ကုန်



ဈေးနှုန်းကို သင်္ဘောပေါ်အရောက် FOB ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၈၀၀ သတ်မှတ်ကြောင်း၊ အမိန့်ထုတ်ပြန်ချက်သည် ၂၉-၁၀-၂၀၂၃ နေ့မှ ၃၁-၁၂-၂၀၂၃ နေ့အထိ သက်ရောက်မည်ဖြစ်ကြောင်း၊ သို့သော် အမိန့်ထုတ်ပြန်မှုမတိုင်မီ အကောက်ခွန်ဦးစီးဌာနၡ ပြည်ပတင်ပို့ရန် မှတ်ပုံတင်ထားပြီး သက်ဆိုင်ရာအကောက်ခွန်စခန်းသို့ ရောက်ရှိဆောင်ရွက်ဆဲ ကြက်သွန်နီပို့ကုန်များမှာ ကင်းလွတ်ခွင့်ရှိမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆိပ်ကမ်းရှင်းလင်းဆဲ ကြက်သွန်နီပို့ကုန်များကို ၃၀-၁၁-၂၀၂၃ နေ့အတွင်း အပြီးသတ် တင်ပို့ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

မဟာရဋ္ဌပြည်နယ်ရှိ အဓိကဈေးကွက်ဖြစ်သော လာဆယ်ဂွန်ကုန်စည်ဒိုင်တွင် ကြက်သွန်နီ ပျမ်းမျှလက်ကား ဈေးနှုန်းများသည် လွန်ခဲ့သောသီတင်းပတ်၌ ၁၈% မြင့်တက်ခဲ့ပြီး ရက်သတ္တတနှစ်ပတ်အတွင်း ဈေးနှုန်းမြင့်တက်မှုမှာ ၆၀% ရှိကြောင်း၊ ၂၅-၁၀-၂၀၂၃ နေ့၌ ဒေလီမြို့တွင် အရည်အသွေးအကောင်းဆုံး ကြက်သွန်နီ၏အမြင့်ဆုံးဈေးနှုန်းသည် ၁ ကီလိုဂရမ်လျှင် ရူပီး ၅၀ နှုန်းရှိပြီး လက်လီအရောင်းဆိုင်များ၌ ၁ ကီလိုဂရမ်လျှင် ၆၅ ရူပီးမှ ၈၀ ရူပီးအတွင်း ရောင်းချလျက်ရှိကြောင်း၊ မိုးကြက်သွန်နီအသစ်များ ဈေးကွက်အတွင်းတင်ရောက်လာမည့် ဒီဇင်ဘာလတိုင်အောင် ကြက်သွန်နီဈေးနှုန်းများမှာ ဆက်လက်မြင့်တက်ဖွယ်ရှိသည်ဟု ခန့်မှန်းရကြောင်းဖြင့် Economic Times သတင်းဌာနက ဖော်ပြပါသည်။

Source: Economic Times, 28 Oct 2023

Source: https://www.doca.gov.mm/my/node/14977

## STOCK EXCHANGE (7.11.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 7th Nov. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,630 (Shares) | 10,641,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,700 | 8,600 | 472 | 4,095,700 | 33,109,694 | 288,054 |
| MTSH | 00002 | 2,900 | -50 | -1.69% | 2,950 | 2,950 | 2,900 | 292 | 851,400 | 38,929,150 | 112,895 |
| MCB | 00003 | 7,900 | +100 | +1.28% | 7,900 | 7,900 | 7,900 | 2 | 15,800 | 10,400,986 | 82,168 |
| FPB | 00004 | 1,650 | -50 | -2.94% | 1,650 | 1,650 | 1,650 | 290 | 478,500 | 29,664,613 | 48,947 |
| TMH | 00005 | 2,450 | -100 | -3.92% | 2,550 | 2,550 | 2,450 | 35 | 87,250 | 12,823,224 | 31,417 |
| EFR | 00006 | 2,000 | -100 | -4.76% | 2,000 | 2,050 | 2,000 | 2,528 | 5,059,050 | 19,977,223 | 39,954 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,800 | 4,900 | 4,800 | 11 | 53,800 | 10,497,598 | 51,438 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 0 | 0 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 7th Nov. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 369.28 | -3.01 | -0.81% | 370.44 | 370.97 | 369.22 | 3,630 | 10,641,500 | 8 | 696,532 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 7th Nov. 2023

| Trading Volume | Trading Value |
|---|---|
| 3,630 (Shares) | 10,641,500 (MMK) |

## Main Board

As of 1:00 pm, 7th Nov. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,630 (Shares) | 10,641,500 (MMK) |

| MYANPIX | 369.28 ▼ 3.01 |
|---|---|
| Total Volume (shares) | 3,630 |
| Total Value (MMK) | 11 mil |
| Listed Company | 8 |
| Market Cap. (MMK) | 696,532 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,900 | ▼ 50 |
| MCB | 00003 | 7,900 | ▲ 100 |
| FPB | 00004 | 1,650 | ▼ 50 |
| TMH | 00005 | 2,450 | ▼ 100 |
| EFR | 00006 | 2,000 | ▼ 100 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |